■ “အသံ”

# (၁၉) ကြိမ်မြောက်တရုတ်ပြည်လုံးဆိုင်ရာပြည်သူ့ကွန်ဂရက်အစည်းအဝေးအတွက် ရှီကျင့်ဖိန်ကအလေးပါသည့်မိန့်ခွန်းပြောကြား

ယခုနှစ်ဆောင်းဦးရာသီတွင် ကျင်းပမည့်(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အစည်းအဝေးကြီးကို အဖက်ဖက်မှ အထူးဂရုစိုက်နေလျက်ရှိသည်။ မည်သို့ဖြစ်မည်နည်း။ တရုတ်နိုင်ငံသည် အနာဂတ်တွင် မည်သို့ဖွံ့ဖြိုးတိုးတက်မည်နည်း။ ဇူလိုင်လ(၂၆)ရက်နေ့တွင် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတရှီကျင့်ဖိန်မှ အရေးကြီးမိန့်ခွန်းစကားပြောကြားခဲ့သည်။ (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးဆိုင်ရာပြည်သူ့ ကွန်ဂရက်အစည်းဝေးအတွက် လမ်းကြောင်းဖော်ပေးလိုက်သည်ဟု ဆိုနိုင်ပေသည်။

ပထမကီးပွိုင့် (key point)စကားစုမှာ “တရုတ်ထူးခြားချက်ရှိ ဆိုရှယ်လစ်ဝါဒ” ဖြစ်သည်။ “တရုတ်ထူးခြားချက်ရှိဆိုရှယ်လစ်ဝါဒ”သည် ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်လာကတည်းက ပါတီ၏ မူဝါဒသဘောတရားနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်း အလုံးစုံပါဝင်သောပင်မခေါင်းစဉ်ဖြစ်သည်”ဟု ရှီကျင့်ဖိန်က လေးနက်စွာဖော်ပြသည်။ “အလုံးစုံပါဝင်သော ပင်မခေါင်းစဉ်”ဖြင့်“တရုတ်ထူးခြားချက်ရှိဆိုရှယ်လစ်ဝါဒ”ကို နေရာချသတ်မှတ်ပေးခြင်းသည် “တရုတ်ထူးခြားချက်ရှိဆိုရှယ်လစ်ဝါဒ”၏ အလွန်အရေးပါမှုကိုပြည့်စုံစွာဖော်ပြနိုင်သည်။ တရုတ်ကွန်မြူနစ်ပါတီက မိမိ၏လမ်းကြောင်း၊ အတွေးအခေါ်သဘောတရား၊ နည်းစနစ်နှင့် ယဉ်ကျေးမှုအပေါ် ကြီးမားသောယုံကြည်မှုရှိသည်ကိုလည်း ဖော်ပြနေသည်။ အလံကိုမြင့်မားစွာကိုင်ဆောင်ပြီး မိမိ၏လမ်းကိုလျှောက်လှမ်းခြင်းသည် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အစည်းအဝေး၏ ပင်မခေါင်းစဉ်နှင့် အသံပင်ဖြစ်နေမည်။

ဒုတိယကီးပွိုင့်စကားစုမှာ “ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်”ဖြစ်သည်။ “တရုတ်ထူးခြားချက်ရှိ ဆိုရှယ်လစ်ဝါဒသည် ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်သို့ရောက်ရှိနေပြီ။” ဟု ရှီကျင့်ဖိန်က လေးနက်စွာဖော်ပြခဲ့သည်။ ပါတီတစ်ခုလုံးသည် ဆိုရှယ်လစ်စနစ်၏ ဦးဆုံးအဆင့်ဖြစ်သော အကြီးဆုံးနိုင်ငံအခြေအနေနှင့် အကြီးဆုံးစစ်မှန်မှုကိုသေချာစွာ ကိုင်ဆောင်ထားပြီး ယင်းဦးဆုံး အဆင့်အမြဲပြောင်းလဲနေသောထူးခြားချက်ကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ကာ ဆန်းသစ်သောအတွေးအမြင်နှင့် ကြိုးပမ်းတိုက်ခိုက်သောပုံစံဖြင့် တရုတ်ထူးခြားချက်ရှိ ဆိုရှယ်လစ်ဝါဒကို ရှေ့သို့လျှောက်လှမ်းနိုင်ရန်တွန်းတင်ရမည်ဟု လေးနက်စွာဖော်ပြသည်။ ဤအလေးပါသည့်ဆုံးဖြတ်ချက်သည် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ၏ အနာဂတ်လှုပ်ရှားမှုလမ်းညွှန်မှုအပေါ်တွင် အလေးပါသည့် ထိရောက်မှုရှိနိုင်မည်ကို ခန့်မှန်းသိရှိနိုင်ပေသည်။

တတိယကီးပွိုင့်စကားစုမှာ“အတွေးအခေါ် သဘောတရားဆန်းသစ်ခြင်း” ဖြစ်သည်။ “ပိုမိုကျယ်ပြန့်သောရှုထောင့်၊ ရေရှည်သောအမြင်ဖြင့်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုတွင် ကြုံတွေ့နိုင်မည့် အရေးကြီး မဟာဗျူဟာပြဿနာများကို သေချာစွာသိရှိရမည်။ အတွေးအခေါ်သဘောတရားပေါ်တွင် ရှုထောင့်အသစ်များကို အဆက်မပြတ်ချဲ့ထွင်၊ ယေဘုယျခန့်မှန်းချက်အသစ်များကို အဆက်မပြတ်လုပ်ဆောင်ရမည်”ဟု ရှီကျင့်ဖိန်ကလေးနက်စွာ ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံကွန်မြူနစ်ပါတီသည် အကောင်အထည်ဖော်ဆောင်မှု၊ သိပ္ပံနည်းပညာသဘောတရားညွှန်ကြားမှုများကို အလေးထားလျက်ရှိနေသည်။ အတွေးအခေါ်သဘာတရားဆန်းသစ်မှုကို ပိုမိုတွန်းတင်ရမည်ဖြစ်သည်။ (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အကောင်အထည်ဖော်လုပ်ဆောင်သည့် အတွေ့အကြုံကို ပေါင်းချုပ်သည့် အခြေခံပေါ်နှင့် အတွေးအခေါ်သဘောတရား ဆန်းသစ်မှုကို တွန်းတင်သည့်အပိုင်းကဏ္ဍတွင် ကောင်းစွာလုပ်ဆောင်နိုင်မည်ကိုယုံကြည်သည်။

စတုတ္ထကီးပွိုင့်စကားစုမှာ “ပါတီအုပ်ချုပ်မှုနှင့် ထိန်းချုပ်မှု” ဖြစ်သည်။ “အကောင်အထည်ဖော်ခြင်းမှ သိရသည်မှာ-ပါတီအုပ်ချုပ်ခြင်းနှင့် ပါတီပါတီထိန်းချုပ်ခြင်းသည် အနာဂတ်ကံကြမ္မာနှင့် သက်ဆိုင်သည်သာမက နိုင်ငံနှင့်အမျိုးသားများ၏ ရှေ့ရေးကံကြမ္မာနှင့်လည်း သက်ဆိုင်သည်ကို ကျွန်တော်တို့လေးနက်စွာသိရှိခဲ့သည်။ ထို့ကြောင့် ပိုမိုခိုင်မာသောစိတ်ဓာတ်၊ ပိုမိုကြီးမားသောရဲစိန်ရဲမာန်၊ ပိုမိုကြီးမားသောအင်အားဖြင့် ပိုမိုခိုင်မာအောင်ကိုင်သွယ်ကိုင်ဆောင်လုပ်ရမည်” ဟု ရှီကျင့်ဖျင်မှလေးနက်စွာဖော်ပြခဲ့သည်။ ပါတီပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်ကိုစီစဉ်ခြင်း၊ ကြီးမားသောလုပ်ငန်းစဉ်ကိုတွန်းတင်ခြင်းသည် ပါတီကိုယ်စားလှယ်အစည်းအဝေး၏ ဗဟိုအချက်အချာတာဝန်ဟုဆိုနိုင်သည်။ (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးဆိုင်ရာ ပြည့်သူ့ကွန်ဂရက် အစည်းအဝေးကြီးပိုမိုသိပ္ပံနည်းကျသော၊ ပိုမိုတိကျစေ့စပ်သော၊ ပိုမိုထိရောက်သော အတွေးအခေါ်လုပ်ဆောင်ချက်များဖြင့်ပါတီ၏ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းဆော်သွားနိုင်မည်ဖြစ်သည်။

ရန်နိုင်

■ “တရုတ်ပုံပြင်”

## “ကောင်းသည်ထက်ပိုကောင်းအောင်လုပ်ရမည်” --တရုတ်နိုင်ငံနို့ထွက်ပစ္စည်းလုပ်ငန်းမည်သို့ပြန်လည် ဖွံ့ဖြိုးတိုးတက်လာသနည်း

**အယ်ဒီတာ။** ။ဤအကြိမ်ကျွန်တော်တို့သည် “တရုတ်ပုံပြင်”ကော်လံကို ဆက်လက်ဖော်ပြမည်ဖြစ်သည်။ တရုတ်နိုင်ငံထောက်ပံ့ပေးမှု ပြုပြင်ပြောင်းလဲခြင်း အကြောင်းကို စုစည်းပြီးတရုတ်နိုင်ငံနို့ထွက်ကုန်ပစ္စည်း လုပ်ငန်းများမည်သို့ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည့် ပုံပြင်ကို ရေးသားဖော်ပြပါသည်။

ဟေးလုံကျန်းဝမ်တာရှန်းရန်ကွမ်းနို့ထွက်ပစ္စည်းလုပ်ငန်းအဖွဲ့၏ အောက်ခြေအုပ်ချုပ်ရေးဝန်ထမ်း လီကျဲသည်(၁၆)နှစ်ကြာသော လုပ်ငန်းအတွေ့အကြုံဖြင့် နွားများကို အပြင်လွတ်မွေးမြူခြင်းမှ သိပ္ပံနည်းကျကျမွေးမြူရေး၏ ပြောင်းလဲမှုနှင့် တရုတ်နိုင်ငံ၏ နို့ထွက်ကုန်လုပ်ငန်းများမည်သို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်မြင်သက်သေပြုခဲ့သည်။

ဤလုပ်ငန်းတွင် (၁၆)နှစ်ကြာလုပ်ဆောင်ခဲ့ရာ ဤလုပ်ငန်းကိုကောင်းစွာလုပ်ဆောင်သူများသည် နွားကိုကောင်းစွာမွေးနိုင်၊ နို့ကိုကောင်းစွာထွက်နိုင်အောင်လုပ်ဆောင်လိုပြီး “ကောင်းသည်ထက်ပိုကောင်းအောင်” လုပ်ဆောင်လိုသည်ကို လီကျဲကတွေ့ရှိခဲ့သည်။

တက္ကသိုလ်ကျောင်းပြီးနောက် လီကျဲသည် ဟာအော်ပင်းဖင်တာမွေးမြူရေးရုံတွင်အလုပ်ဝင်ခဲ့သည်။ “ထိုစဉ်ကနွားမွေးရတဲ့နေရာရဲ့ရာသီဥတု၊ ပတ်ဝန်းကျင်ဘယ်လိုရှိတာကိုလည်းမသိဘူး။ မြေကျယ်တော့မြက်ခင်းလည်းများတယ်။ ဒါကြောင့် ဒီလိုပဲလွတ်ပြီးမွေးထားတာ”ဟု လီကျဲကပြောပြသည်။



တစ်နှစ်ပြီးသွားသော် နို့အရင်းအမြစ်စီမံကိန်းရုံးခန်း ဝန်ထမ်းတစ်ဦးအဖြစ် လီကျဲထမ်းဆောင်လာခဲ့သည်။ သုတေသနပြုခြင်းကိုလုပ်ဆောင်ပြီး နို့အရင်းအမြစ်များကို သွားရောက်စစ်ဆေးပြုခဲ့သည်။ ထိုအခါမှ လီကျဲသည် သူတို့နွားကိုမွေးလာသည်မှာ နှစ်ပေါင်းများစွာရှိခဲ့သည့် နေရာတွင် ကမ္ဘာ့အသိအမှတ်ပြုသော နို့အရင်းအမြစ်အကောင်းဆုံး နေရာတွင်ရှိနေသည်ကို သိရှိခဲ့ရသည်။ ထိုနေရာမှာ မြောက်လတ္တီတွဒ်ဂရီ(၄၂)မှ (၅၇)ဖြစ်သည်။

ဖြည်းဖြည်းချင်းနှင့် ထုတ်လုပ်လိုက်သောနွားနို့ ပိုမိုအာဟာရရှိစေရန်၊ ပိုမိုသောက်သုံး၍ ကောင်းမွန်ရန်အတွက် နွားသာကောင်၊ နွားကောင်၊ နို့ထွက်နွားများမှာ မိမိ၏VIPနေထိုင်ရာ နေရာရှိလာကြသည်။ အကြီးစားမွေးမြူခြံမှနို့ထွက်နွားများမှာ အာဟာရပြည့်အစာများစားခြင်း၊ ရေနွေးများသောက်ခြင်း၊ တေးသီချင်းများနားထောင်ခြင်း၊ ရာဘာ+ဖော့အိမ်ရာခင်းများဖြင့် အိပ်စက်ခြင်းစသည်တို့ဖြင့် တဖြည်းဖြည်းတိုးတက်လာကြပါသည်။

အရည်အသွေးကောင်းမွန်ခြင်းသည် နို့ထွက်ကုန်များ၏ သက်ဝင်အားဟုတင်စားခေါ်ဝေါ်နိုင်သည်။ “ကုန်ပစ္စည်းအရည်အသွေးသည် ကလေးငယ်တစ်ယောက်လိုပဲ သေချာစွာမွေးမြူထိမ်းသိန်းစောင့်ရှောက်မှသာ ကျန်းမာစွာကြီးထွားလာမည်ဖြစ်သည်ကို ကျွန်တော်ထင်မြင်ယူဆခဲ့တယ်”ဟု လီကျဲက ပြောသည်။ လတ်ဆတ်သောနွားနို့ကို အချိန်ကြာစွာမည်သို့ ထားသိုရမည်နည်း။ နွားနို့ပိုးမွှားများပြားနှုန်းကို မည်သို့လျှော့ချရမည်နည်း။ မည်သည့်အပူချိန်ဖြင့်ပိုးသတ်နိုင်ပြီး လျင်မြန်စွာထုတ်ပိုးနိုင်ကာ ထိခိုက်မှုကို အနိမ့်ဆုံးဖြစ်စေနိုင်သနည်း။ ၎င်းပြဿနာများကိုဖြေရှင်းနိုင်မှသာ စိတ်ချနိုင်မည်ဖြစ်ပေသည်။

“အခုဆိုရင် ကျွန်တော်ကထုတ်လုပ်ရေးဌာနကအလုပ်ကို အဓိကလုပ်ဆောင်တယ်။ ဂရုစိုက်ရဆုံးမှာ ကလေးငယ်သုံးနွားနို့ထုတ်ကုန်များရဲ့ ထုတ်လုပ်မှုဖြစ်တယ်”ဟု သူမကပြောသည်။ ယခုကလေးငယ်များ၊ လူငယ်များ၏ တောင်းဆိုမှုမှာ ပိုမိုမြင့်မားလာပြီး လူကြီးလူအိုများ၏ လိုလားမှုလည်းများပြားလာသည်။ ထုတ်လုပ်ထောက်ပံ့သည့် အလုပ်လည်းလိုက်နိုင်မှာသာ အသုံးပြုသူများကကျွန်တော်တို့၏ ကုန်ပစ္စည်းကို များများအားပေးဝယ်ယူမည်ဖြစ်သည်။

(ခေါင်းကျိုကျား/ပြည်သူ့နေ့စဉ်သတင်းစာ)